**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ကြော်ငြာစာအမှတ် ( ၆၄ / ၂၀၂၀)**

စာအမှတ်၊ တဆပ/ဆဝ/၂၀၂၀ ( ၄၄၀၀ )

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်စိစစ်ရေးအဖွဲ့အစည်းအဝေး (၄/၂၀၁၉) ဆုံးဖြတ်ချက်အရတိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)နှင့် ပတ်သက်၍လိုအပ်ချက်စာရင်းထုတ်ပြန်ခြင်း။**

၁။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားလာသည့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်) ကိစ္စရပ်များနှင့်ပတ်သက်၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်စိစစ်ရေးအဖွဲ့အစည်းအဝေး (၄/၂၀၁၉) ဆုံးဖြတ်ချက်(၂-စ)အရ လိုအပ်ချက်စာရင်း- (၁) စောင်အား ပူးတွဲပါအတိုင်း ထုတ်ပြန်ကြော်ငြာ လိုက်သည်။

၂။ ဤစာထုတ်ပြန်သည့်နေ့ရက်မှစတင်၍ (၃)လအတွင်း သက်ဆိုင်ရာလိုအပ်ချက်များကို ပေးပို့ဆောင်ရွက်ရန် နှင့် **ပေးပို့ဆောင်ရွက်ခြင်းမပြုပါက ပယ်ဖျက်မည်ဖြစ်ပြီး ပယ်ဖျက်ပြီးပါကမှတ်ပုံတင်/လိုင်စင်များ ပျက်ပြယ်ကြောင်းကြေညာမည်ဖြစ်ပါကြောင်း** အသိပေးအပ်ပါသည်။

၃။ ဤကြော်ငြာစာအမှတ်ကို ရည်ညွှန်း၍ ပိုင်ရှင်(သို့မဟုတ်) ကြီးကြပ်သူမှ လက်မှတ်ရေးထိုး၍ ပြင်ဆင်ပြီးတင်ပြစာ၊ ပြင်ဆင်ပြီးတံဆိပ် (၃) စုံ၊ အခြားလိုအပ်ချက်များနှင့်အတူစာဖြင့် ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ဥမ္မာမြတ်၊ အတွင်းရေးမှူး)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်စိစစ်ရေးအဖွဲ့

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊တိုင်းရင်းဆေးပညာဦးစီးဌာန

တိုင်းဒေသကြီးဦးစီးဌာနမှူး၊ဧရာဝတီတိုင်းဒေသကြီး(သက်ဆိုင်ရာလုပ်ငန်းရှင်သို့ဆက်လက်အကြောင်းကြားရန် နှင့် ဆောင်ရွက်ပြီးစီးမှုများ ပြန်လည်တင်ပြရန် ညွှန်ကြားချက်ဖြင့်)

ရုံးလက်ခံ/ မျှောစာတွဲ